# လမ်းညွှန်ချက်အတို- သွားကျန်းမာရေး ဝန်ဆောင်မှုများ (DHS)

ပြည်နယ်အစိုးရမှ ရန်ပုံငွေထောက်ပံ့ထားသည့် သြစတြေးလျအနောက်ပိုင်းရှိ အကြီးမားဆုံး ပြည်သူ့သွားကျန်းမာရေးဝန်ဆောင်မှုပေးသည့် ဌာနအဖြစ် DHS အား ၁၉၆၂ ခုနှစ်တွင် စတင်တည် ထောင်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးဌာနမှ ပထမဆုံးပြည်သူ့သွားဆရာဝန်တစ်ဦးဖြင့် ခန့်အပ်ခဲ့သည်။

## ဝန်ဆောင်မှုများ

DHS အနေဖြင့် သြစတြေးလျအနောက်ပိုင်းပြည်သူများအား အောက်ဖော်ပြပါဝန်ဆောင်မှုလမ်း ကြောင်းများမှ သွားနှင့်ဆိုင်သည့်ဝန်ဆောင်မှုများ ပေးနေသည်။

## စာသင်ကျောင်းဆိုင်ရာ သွားဝန်ဆောင်မှု- School Dental Service (SDS)

စာသင်ကျောင်းဆိုင်ရာ သွားဝန်ဆောင်မှုသည် ပြည်သူ့ကျန်းမာရေး အစီအစဉ်တစ်ခုဖြစ်ပြီး သြစတြေးလျအနောက်ပိုင်း၊ပညာရေးဌာနမှ အသိအမှတ်ပြုထားသည့်ကျောင်းများတွင် တက် ရောက် ပညာသင်ကြားနေသည့် ကျောင်းနေရွယ် ၅ နှစ် မှ ၁၆ နှစ်အထိ သို့မဟုတ် စာသင်နှစ် ၁၁ အဆုံးထိ တက်ရောက်နေသည့် ကျောင်းသားကျောင်းသူများအား အခြေခံသွားနှင့်ဆိုင်သည့် စောင့် ရှောက်မှုများ အခမဲ့ပေးပါသည်။

အချို့ကျောင်းများနှင့်တွဲဖက်လျက် SDS သည် ပုံသေအထိုင်ရှိသလို ရွှေ့လျား သွားကုထုံးဌာနများမှ တစ်ဆင့် ပြည်နယ်အနှံ့ ဝန်ဆောင်မှုပေးနေသည်။

ကျောင်းသားများအနေဖြင့် ပထမစာသင်နှစ်အတွင်း ကနဦးစောင့်ရှောက်မှုအပတ်စဉ်ပေးထားပြီး ဆေးခန်းလိုအပ်ချက်များအရ နောင်လာမည့်ရက်တစ်ခုခုတွင် စစ်ဆေးမှုများ ပြုလုပ်နိုင်ရန် စောင့် ဆိုင်းရမည့်စာရင်းတွင် ထားရှိပါသည်။ အရေးပေါ် သွားကျန်းမာရေး စောင့်ရှောက်မှုကို လိုအပ်သလို ပေးပါသည်။

## အထွေထွေ သွားဝန်ဆောင်မှု- General Dental Service (GDC)

အထွေထွေသွားဆေးခန်းများကို သြစတြေးလျအနောက်ပိုင်း မြို့တော်နယ်နမိတ်နှင့် မြို့ပြနှင့်ဝေး သည့် နယ်နမိတ်တစ်လျှောက် ဖွင့်လှစ်ထားပါသည်။ ယင်းဆေးခန်းများသည် ငွေကြေးအရ နှင့် ပထဝီဝင် အနေအထားအရ ကိုက်ညီသည့် သြစတြေးလျအနောက်ပိုင်းသားများအတွက် အခမဲ့ အခြေခံနှင့်အရေးပေါ်သွားကျန်းမာရေးစောင့်ရှောက်မှုများပေးပါသည်။ စောင့်ရှာက်မှုခံယူရန် အထွေထွေသွားဆေးခန်းများသို့ တက်ရောက်နိုင်သည့် ကိုက်ညီရမည့် လိုအပ်ချက်များမှာ အောက်ပါတို့ ပါဝင်သည်-

- လက်ရှိ ကျန်းမာရေးစောင့်ရှာက်မှုကတ် သို့မဟုတ် ပင်စင်စားများအတွက် သီးသန့်ထုတ်ပေး ထားသည့်ကတ် ကိုင်ဆောင်ထားသူများနှင့်စာသင်ကျောင်းဆိုင်ရာသွားဝန်ဆောင်မှုအတွက် ကိုက်ညီမှုမရှိသူများ
- မိဘများ၏ ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ပင်စင်စားများအတွက် သီးသန့်ထုတ်ပေး ထားသည့်ကတ်တွင် နာမည်ပါနေသည့် အသက် လသားမှ ၄ နှစ် အရွယ်ကလေးများ

အရေးပေါ်စောင့်ရှောက်မှုကို ဦးစားပေးလုပ်ဆောင်နေပြီး လိုအပ်သလို ဆောင်ရွက်ပေးထားပါ သည်။ အရေးပေါ်စောင့်ရှောက်မှုလိုအပ်သည့် လူနာအားလုံး ယင်းတို့နယ်မြေ/ ဒေသရှိ နယ်မြေ သွား ဆေးခန်းကို ဖုန်းခေါ်ဆိုပြီး ရက်ချိန်းတောင်းနိုင်သည်။ သွားပြဿနာ အတိမ်အနက်ပေါ် မူတည်ပြီး လူနာများ၏ အရေးပေါ်အခြေအနေကို ဆန်းစစ်လေ့ရှိသည်။ သို့မှသာ သွားကျန်းမာရေး ဝန်ဆောင်မှုဌာနအနေဖြင့် ရောဂါအပြင်းထန်ဆုံး၊အသဲဆုံးလူနာများအား ဦးစားပေးကုသနိုင်မည်ဖြစ်သည်။ ရက်ချိန်းမတောင်းဘဲ ဆေးခန်းများသို့ မသွားပါနှင့်။

အရေးပေါ်မဟုတ်သည့် သွားကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သောစောင့်ဆိုင်းစာရင်းပါ လူနာ များအနေဖြင့် ဝန်ဆောင်မှုများပြားနေချိန် ရရှိနိုင်သမျှ အရင်းအမြစ်များ သာတူညီမျှ သုံးစွဲနိုင်သည်။ အထွေထွေသွားကျန်းမာရေးဝန်ဆောင်မှုပေးသည့်ဌာနအနေဖြင့် ယင်းတို့အမည်များသည် စောင့် ဆိုင်းစာရင်း ထိပ်ဆုံးတွင်ရောက်ရှိနေသည့်အခါ လူနာများအား အကြောင်းကြားလိမ့်မည်။ ပထမ အသုတ်စောင့်ရှောက်မှုပြီးဆုံးပြီးနောက် လူနာများအနေဖြင့် နောက်ထပ်စစ်ဆေးမှုများအတွက် ပြန်လည်ခေါ်ယူခြင်း စောင့်ဆိုင်းစာရင်းတွင် ထားရှိလိမ့်မည်။

Continued on next page

## အထူးသွားကျန်းမာရေးဝန်ဆောင်မှုများ

အခမဲ့ရရှိနိုင်သော သွားနှင့်ပတ်သက်သည့်စောင့်ရှောက်မှုအား အောက်ဖော်ပြပါအဓိကကျသည့် လူနာအုပ်စုများအား ပေးထားသည်-

- မြို့တော်နယ်နမိတ် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးဂေဟာဝန်ဆောင်မှုများ သုံးစွဲ ခွင့်ရှိသူများအနေဖြင့် အခမဲ့နှစ်စဉ်သွားကျန်းမာရေးစစ်ဆေးခြင်း ရရှိမည်။
- မြို့တော်နယ်နမိတ် နှင့် အဓိကကျသည့် ကျေးလက်ဒေသ ပြန်လည်ပြုပြင်ရေး ဝန်ဆောင်မှု ဌာနရှိ အကျဉ်းသားများ (ယေဘုယျအားဖြင့် အကျဉ်းထောင် အခြေခံသည့် ဆေးခန်းများ)
- မှတ်ဉာဏ်ချို့ယွင်းမှု သို့မဟုတ် အဓိကကျသည့် သင်ယူနိုင်သည့် ဦးနှောက်ဆိုင်ရာဒဏ်ရာ များဖြင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ဒုက္ခိတဖြစ်နေသည့် အကျုံးဝင်သူများ
- အကျုံးဝင်သည့် စိတ်ကျန်းမာရေးအဆောင်များနှင့် ဆေးရုံများမှ လွှဲပြောင်းပေးလိုက်သည့် Garylands ဆေးရုံ အတွင်းလူနာများနှင့် အပြင်လူနာများ
- ဆေးညွှန်းစာဖြင့် ရောက်လာသည့် အရေးပေါ်မဟုတ်သည့် မြို့တော်နယ်နမိတ်တစ်ဝိုက် နေထိုင်သူလူနာများ
- ကျောရိုးဒဏ်ရာဖြင့် ဘီးချဲလ်အသုံးပြု သွားလာနေသူများ

## သွားအခမဲ့ကုသခွင့် အစီအစဉ်များ

သွားအခမဲ့ကုသခွင့်အစီအစဉ်များသည် ငွေကြေးအရ သို့မဟုတ် ပထဝီဝင်အနေအထားအရ အကျုံး ဝင်သူများအတွက် အခမဲ့ယေဘုယျနှင့် အရေးပေါ် သွားကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင် နိုင်သည်-

- ကျေးလက်နေပြည်သူများ သွားကျန်းမာရေး အခမဲ့အစီအစဉ်-အခမဲ့သွားကျန်းမာရေး စောင့် ရှောက်မှုများအား ကျေးလက်ပြည်သူ့သွားဆေးခန်းများမှတစ်ဆင့် ပေးအပ်ထားသည်။ ထို့ပြင် အစိုးရသွားဆေးခန်းများ လွယ်လင့်တကူ ရရှိရန်ခက်ခဲသည့်နေရာများတွင် ကျေး လက်နေလူနာများ သွားကျန်းမာရေးအခမဲ့အစီအစဉ်များအား ပံ့ပိုးလည်ပတ်နေသည်။ သွား ကျန်းမာရေးစောင့်ရှောက်မှုအား သွားကျန်းမာရေးဝန်ဆောင်မှုဌာနများမှ အတည်ပြုထား သည့် ပုဂ္ဂလိကသွားနှင့်ဆိုင်သည့် ဆရာဝန်များမှလည်း ရရှိနိုင်သည်။
- မြို့တော်နယ်နမိတ်အတွင်းနေထိုင်သည့် လူနာများအတွက်သွားကျန်းမာရေး အခမဲ့အစီ အစဉ်- ရန်ပုံငွေခွင့်ပြုပါက သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ပြည်သူ့သွားကျန်းမာရေး စောင့်ရှောက်မှုစာရင်းတွင် ပါဝင်သည့် မြို့နေလူနာများအား ပူးပေါင်းပါဝင်ထားသည့် ပုဂ္ဂလိကသွားကျန်းမာရေး ဆရာဝန်များထံ၌ အရေးကြီးမဟုတ်သည့် အခမဲ့အခြေခံ သွား ကျန်းမာရေးစောင့်ရှောက်မှုဆေးပတ်တစ်ခုပြုလုပ်ခွင့် အာဏာထုတ်ပေးထားသည်။
- ပုဂ္ဂလိက သွားနှင့် မေးရိုးဆိုင်ရာ အခမဲ့အစီအစဉ်သည် သွားကျန်းမာရေး ဝန်ဆောင်မှုဌာနမှ ဆက်သွယ်ထားသည့် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကျေးလက်နေလူနာများအား ယင်းတို့ အိမ်နှင့်နီးသည့် အခမဲ့သွားနှင့်မေးရိုးဆိုင်ရာအထူးဝန်ဆောင်မှုများရရှိစေနိုင်ပြီး အခမဲ့ အထူး ဝန်ဆောင်မှုအားလုံးသည် လတ်တလော၌ ပတ်သ်တွင်သာ ရရှိပါသည်။

## အရွယ်ရောက်ပြီးသူများအတွက် ဝန်ဆောင်ခများနှင့် ကုန်ကျစရိတ်များ

သွားနှင့်ပတ်သက်သမျှ ကုန်ကျစရိတ်အားလုံးသည် ဓနသဟာယစစ်မှုထမ်းဟောင်းဌာနမှ သတ်မှတ် ထားသည့် သွားနှင့်ပတ်သက်သမျှ ဝန်ဆောင်ခများ၏အစီအစဉ်နှင့်အညီဖြစ်သည်။

အရပ်ဘက်သွားဆေးခန်း သို့မဟုတ် ပူးပေါင်းပါဝင်ထားသည့် ပုဂ္ဂလိက သွားဆေးခန်းတစ်ခုတွင် ပေးချေရမည့် ကုန်ကျစရိတ်များအား ယင်းတို့အနေဖြင့် Centrelink ဝင်ငွေပေါ် အခြေခံပြီး ကုသမှု ကုန်ကျစရိတ်၏ အများဆုံး ၇၅ % အထိ ဩစတြေးလျအနောက်ပိုင်းအစိုးရမှ အခမဲ့ကုသခွင့် ပေး ထားသည်။ အခြားကျန်နေသေးသည့် ကုန်ကျစရိတ်သည် လူနာ၏တာဝန်ယူမှုဖြစ်ပြီး ငွေပေးချေမှု စာရင်း ထုတ်ပေးလိမ့်မည်။ ကြွေးမြီများနေသည့် လူနာများအတွက် စောင့်ဆိုင်းစာရင်းတွင် ထားရှိ မည်မဟုတ်သလို အရေးပေါ်မဟုတ်သည့် ပြုစုစောင့်ရှောက်မှုအတွက် ကြိုတင်ချိန်းဆိုခြင်းအား ပေး လိမ့်မည်မဟုတ်ပါ။

## မြို့ပြနှင့်ဝေးကွာသည့်နေရာများတွင် နေထိုင်သည့်သူများ

မြို့ပြနှင့်အလှမ်းဝေးသည့်နေရာများတွင် သွားနှင့်ပတ်သက်သည့် ကျန်းမာရေးဝန်ဆောင်မှုဌာနသည် တစ်ခုတည်းသော သွားကျန်းမာရေးစောင့်ရှောက်သူဖြစ်ပြီး လူနာများသည် အရပ်ဘက်သွား ကျန်း မာရေးဆေးခန်းတွင် သွားကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်သည်။ အခမဲ့စောင့်ရှောက်မှုအတွက် ကိုက်ညီမှုမရှိသည့် အဆိုပါလူနာများသည် ဝန်ဆောင်ခအပြည့်အဝပေးရန်လိုအပ်သည်။

## အခြားသိလိုသည့်အချက်အလက်များအတွက် သင့်၏ သွားဆရာဝန်နှင့် ဆွေးနွေးပါ။

**အချက်အလက်များပိုမို သိရှိလိုပါသလား သို့မဟုတ် သဘောထားမှတ်ချက် ပေးလိုပါသလား?**

ဤစာရွက်စာတမ်းအား တောင်းခံလိုပါက မျက်မမြင်လက်ရေးစာ၊ အသံတိပ် သို့မဟုတ် အီလက်ထရောနစ် ပုံစံတစ်မျိုးမျိုးဖြင့် ပြောင်းလဲပေးနိုင်သည်။


Communications Officer, Dental Health Services
Locked Bag 15, Bentley Delivery Centre, WA 6983

(08) 9313 0555

publications@dental.health.wa.gov.au

**www.dental.wa.gov.au**


ဤစာရွက်စာတမ်းတွင် အသုံးပြုထားသည့် ရုပ်ပုံတစ်စုံတစ်ရာသည် သရုပ်ပြရန် ရည်ရွယ်ချက်သက်သက်ဖြစ်ပြီး ယေဘုယျလမ်းညွှန်အဖြစ် အသုံးပြုနိုင်သည်။

CONSUMER REVIEWED

HealthyWA Health information for Western Australians


© 2020 Dental Health Services WA. All rights reserved.



DHS176 V 09/22_Burmese